မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း
MYANMAR PULSES, BEANS, MAIZE & SESAME SEEDS
MERCHANTS ASSOCIATION
UMFCCI TOWER, NO.29, ROOM NO.803, MIN YE KYAW SWA STREET,
LANMADAW TOWNSHIP, YANGON, MYANMAR.
TEL : 95-1-2314828, 2314836 FAX : 95-1-2314836

**အသင်းဝင် ပို့ကုန်ကုမ္ပဏီများ**

စာအမှတ်။ ။ ၁/မပန (စီမံ)/၂၀၂၄ (၁၈၃၈)။

ရက်စွဲ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၃)ရက်။

၁။ ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့ အစည်းအဝေး မှတ်တမ်းပူးတွဲ၍ ပို့ကုန်လိုင်စင် လျှောက်ထားလျက်ရှိရာ အစည်းအဝေးမှတ်တမ်းများအပေါ်တွင် သက်ဆိုင်ရာအသင်းများမှ ထပ်ဆင့် ထောက်ခံပေးနိုင်ပါရန်နှင့် ကုမ္ပဏီများမှလည်း အသင်းထောက်ခံချက်ပါရှိသည့် အစည်းအဝေး မှတ်တမ်း ဖြင့်သာ ပို့ကုန်လိုင်စင်လျှောက်ထားနိုင်ရေး အသိပေးဆောင်ရွက်ပေးနိုင်ပါရန် ကုန်သွယ်ရေး ဦးစီးဌာနမှ ၁၄-၁၀-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ကသရ (ဦး)ပို့ သွင်း/ ၂၀၂၄-၂၀၂၅ (၆၂၆၀) ဖြင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းသို့ ညွှန်ကြားထားပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ ပဲမျိုးစုံ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အရ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းအမျိုးမျိုးနှင့် မြေပဲဆံများ ပြည်ပတင်ပို့ရန် ပို့ကုန်လိုင်စင် လျှောက်ထားလိုသည့် အသင်းဝင်ပို့ကုန်ကုမ္ပဏီများအား ပို့ကုန်လိုင်စင် လျှောက်ထားခြင်း အတွက် သက်ဆိုင်ရာကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းများအပေါ် ၂၁-၁၀-၂၀၂၂ (တနင်္လာ နေ့)နေ့မှစ၍ ထပ်ဆင့်ထောက်ခံချက်များအား Manual စနစ်ဖြင့် စနစ်တကျ စိစစ်မှတ်တမ်းတင်၍ အချိန်နှင့် တစ်ပြေးညီ ထောက်ခံချက် ထုတ်ပေးလျက်ရှိပါသည်။

၃။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဌာနအနေဖြင့် လိုင်စင် ဆိုင်ရာ ထောက်ခံချက်များအား စိစစ်ရာတွင် လုပ်ငန်းရှင်များဘက်မှ Tradenet 2.0 စနစ်ကို အသုံးပြု၍ လျှောက်ထားလာသည့် OGA Reference No. နှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် (Attach File) များ အပေါ် မှန်ကန်ကိုက်ညီမှု ရှိ/မရှိ တိုက်ဆိုင်စစ်ဆေး၍ လိုင်စင်ပါမစ်များအား ခွင့်ပြုပေးနိုင်ရန် ကုန်သွယ်မှု ဆက်စပ်ဌာန/အဖွဲ့အစည်းများသည် Tradenet 2.0 စနစ်အသုံးပြု၍ ထောက်ခံချက်ပေးသည့် လုပ်ငန်းစဉ်များ အား ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန် ၅-၇-၂၀၂၂ ရက်စွဲဖြင့် အသင်းသို့ ညွှန်ကြားခဲ့ပါသည်။

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ Tradenet 2.0 စနစ်တွင် OGA Reference No. နှင့် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် (Attach File) များပူးတွဲ၍ ထောက်ခံချက်ပေးသည့် လုပ်ငန်း

စဉ်များ စတင်ဆောင်ရွက်တော့မည်ဖြစ်ရာ အသင်းဝင်ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားရန် အသင်း၏ ထောက်ခံချက်ရယူခြင်းအား Country Origin လျှောက်ထားသကဲ့သို့ အသင်းရုံးသို့ လူကိုယ်တိုင် လာရောက် လျှောက်ထားရန် မလိုအပ်တော့ဘဲ Online စနစ်ဖြင့် စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် ၁၈-၁၁-၂၀၂၄ (တနင်္လာနေ့) မှစ၍ အောက်ပါ လုပ်ငန်းစဉ်များအတိုင်း ထပ်ဆင့် ထောက်ခံချက်လျှောက်ထားနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

(က) အသင်းဝင်ကုမ္ပဏီများအနေဖြင့် အသင်း၏ Link http://143.110.249.168/mpbmsma-certificate-portal သို့ MPBMSMA ၏ https://member.mpbmsma.org ဝင်သည့် Username နှင့် Password အသုံးပြု၍ ဝင်ရောက်၍ ပို့ကုန်လိုင်စင် ထောက်ခံချက်အား လျှောက်ထားနိုင်ပါသည်။ (လျှောက်ထားပုံ အဆင့်ဆင့် User Guide ပူးတွဲ)

(ခ) အသင်းမှ လာရောက်လျှောက်ထားသည့် ကုမ္ပဏီများ၏ အချက်အလက်များနှင့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှတ်တမ်းအား စိစစ်ပြီး မှန်ကန်ပါက Myanmar Tradenet 2.0 စနစ်သို့ ထောက်ခံချက်အား Attach File ပေးပို့ကာ ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော OGA Recommendation Reference No. အား ရယူမည် ဖြစ်ပါသည်။

(ဂ) လျှောက်ထားမှန်ကန်သည့် အသင်းဝင်ကုမ္ပဏီများသို့ အသင်းမှ ထောက်ခံချက်စာနှင့်အတူ OGA Recommendation Reference No. အားပူးတွဲပေး၍ အသင်း၏ Link http://143.110.249.168/mpbmsma-certificate-portal တွင် Approved ပြုလုပ်ပေးသွားမည် ဖြစ်ပါသည်။

(ဃ) အသင်းဝင်ကုမ္ပဏီများမှ အသင်း၏ Link http://143.110.249.168/mpbmsma-certificate-portal တွင် အသင်းမှ Approved ပြုလုပ်ပေးသည့် ထောက်ခံစာအား Print ထုတ်၍ OGA Recommendation Reference No. နှင့်အတူ Myanmar Tradenet 2.0 တွင် သတ်မှတ်သည့် စာရွက်စာတမ်းများ ဖြည့်စွက်ပူးတွဲ၍ ပို့ကုန်လိုင်စင် လျှောက်ထားရယူရန် ဖြစ်ပါသည်။

အပိုဒ်၄ (ဂ) ပါအတိုင်း အသင်း၏ Link http://143.110.249.168/mpbmsma-certificate-portal တွင် Approved လုပ်ပြီးသော ထောက်ခံချက်များသည် Tradenet 2.0 မှ OGA Recommendation Reference No. ရရှိပြီးဖြစ်၍ ယင်းအချိန်တွင် အချက်အလက်များအား ပြန်လည်ပြင်ဆင်ခွင့် မရှိသောကြောင့် အသင်းဝင်ကုမ္ပဏီများ အနေဖြင့် စတင်လျှောက်ထားစဉ်ကတည်းက အချက်အလက်များ မှန်ကန်စွာ ဖြည့်သွင်းရန် လိုအပ်ပါကြောင်းနှင့် အချက်အလက်မပြည့်စုံသည့် လျှောက်ထားမှုများကြောင့် ပို့ကုန်လိုင်စင် ရရှိရန် ကြန့်ကြာမှုများသည် လျှောက်ထားသူ ကုမ္ပဏီ၏ တာဝန်သာ ဖြစ်ပါမည်။

၅။ အသင်းဝင်ကုမ္ပဏီများ ပို့ကုန်လိုင်စင်လျှောက်ထားရန် Online မှတစ်ဆင့် အသင်း၏ ထောက်ခံချက်ရယူခြင်းလုပ်ငန်းစဉ်များအား လွယ်ကူစေရန်နှင့် လျှောက်ထားခြင်းကိစ္စရပ်များ အကျွမ်းတဝင်ဖြစ်စေရန်အတွက် ၁၅-၁၁-၂၀၂၄ နှင့် ၁၆-၁၁-၂၀၂၄ နေ့များတွင် MPBMSMA ၏ https://member.mpbmsma.org ဝင်သည့် Username နှင့် Password အသုံးပြု၍ အောက်ပါ Link အတိုင်း လျှောက်လွှာ နမူနာတင်ခြင်း၊ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း ထပ်ဆင့်ထောက်ခံချက် နမူနာထုတ်ယူခြင်းတို့အား စမ်းသပ်ဆောင်ရွက်ရန် အသင်းမှ စီစဉ်ပေးထားပါကြောင်း အသိပေးကြေငြာအပ်ပါသည်။


စမ်းသပ်ရန် နမူနာ Link : http://143.110.249.168/mpbmsma-certificate-portal

QR Scan ဖတ်၍ ဝင်ရောက်နိုင်ပါသည်။

**မြန်မာနိုင်ငံပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း**

## MPBMSMA Endorsement Project


**1. Membership application ထဲမှ userName, passwordဖြင့် loginဝင်ရပါမည်။**




**2.ဘေးmenuတွင် Endorsementကိုရွေးပါ။ Endorsement Setup pageပေါ်လာလျှင် Dataများ ထည့်သွင်းပါ။**

**အောက်ဆုံးတွင်ရှိသော tableတွင် နောက်တစ်ကြောင်း ထပ်တိုးချင်ပါက ထောင့်ဆုံးက အပေါင်းလေးကို**


**ထို့နောက် dataများထည့်သွင်းပြီးပါက အောက်ဆုံးတွင်ရှိသော Preview buttonကို နှိပ်ပါ။**




3.Endorsement Preview dialog ကျလာမည်။ Dataများ မှန်မမှန် စစ်ဆေးပြီး သေချာပြီ ဆိုလျှင် submit bu




4.ဒါမျိုး success messageပေါ်လာလျှင် ထောက်ခံစာ လျှောက်ထားခြင်း အောင်မြင်ပါပြီ။



**5.လျှောက်ထားပြီးသည်များကို Tracking Endorsement pageတွင် dateဖြင့်ရှာ၍ ကြည့်နိုင်သည်။**



**6. Adminဘက်မှ ထောက်ခံစာထုတ်ပေးပြီးသည့်များကို Accepted Endorsment pageတွင် ကြည့်နိုင်သည်။ MPBMSMA Endorsement Letter No Columnရှိ အပြာရောင် စာတမ်းလေးကို နှိပ်၍ ထောက်ခံစာ downloadရယူနိုင်ပါသည်။**



**7.Rejectဖြစ်သွားသော Endorsementများကို Rejected Pageတွင် ဝင်ရောက် ကြည့်နိုင်ပါသည်။**

